# အခွန်ထမ်းကိုယ်တိုင်စည်းကြပ်သည့်စနစ်နှင့် လုပ်ဆောင်ပုံ

ဤစာရွက်စာတမ်းကို ရေးသားပြုစုထုတ်ပြန်ခြင်း၏ ရည်ရွယ်ချက်မှာ -

ဤစာရွက်စာတမ်းကိုရေးသားစုပြုစုထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက်မှာ အခွန်ထမ်းများအား အခွန်ရုံးမှ စည်းကြပ်သည့်စနစ်(OAS)မှ အခွန်ထမ်းကိုယ်တိုင်စည်းကြပ်သည့်စနစ်(SAS)သို့ ပြောင်းလဲကျင့်သုံးခြင်းကိုလည်းကောင်း၊ SASစနစ်လုပ်ဆောင်ပုံသည် OASစနစ်နှင့် ခြားနားချက်တို့ကိုလည်းကောင်း အသိပေးရန် ဖြစ်ပါသည်။

အခွန်ထမ်းကိုယ်တိုင်စည်းကြပ်သည့် စနစ်ဆိုသည်မှာ -

ယင်းစနစ်သည် အခွန်ထမ်းများက ၎င်းတို့ရရှိခဲ့သည့် သို့မဟုတ် စုဆောင်းရရှိခဲ့သည့် ဝင်ငွေများကို အခွန်ထမ်းများကိုယ်တိုင် တွက်ချက်စည်းကြပ်၍ အခွန်ပေးဆောင်သော ရိုးရှင်းလွယ်ကူသည့် နည်းလမ်းတစ်ခု ဖြစ်ပါသည်။

ယင်းသည် အခွန်အမျိုးအစားအသစ်တစ်ခု မဟုတ်ဘဲ အခွန်ထမ်းမှပေးဆောင်ရန် တာဝန်ရှိသည့် အခွန်ပမာဏကို အခွန်အရာရှိ၏ ပါဝင်စွက်ဖက်မှုမပါရှိဘဲ သို့မဟုတ် ပါဝင်စွက်ဖက်မှု အနည်းဆုံးဖြင့် အခွန်ထမ်း ကိုယ်တိုင်တွက်ချက်ရန် တာဝန်ပေးအပ်ထားသည့် စနစ်ဖြစ်ပါသည်။

အခွန်ထမ်းကိုယ်တိုင်စည်းကြပ်ခြင်းသည် လက်ရှိကျင့်သုံးနေသည့် အခွန်ရုံးက စည်းကြပ်သည့်စနစ်မှ လုပ်ငန်းစဉ်ဆောင်ရွက်ချက်များ အလုံးစုံ ပြောင်းလဲသွားခြင်းဖြစ်ပါသည်။

စာရင်းအင်းကို ကောင်းမွန်မှန်ကန်စွာထားရှိရန်၊ စည်းကြပ်မှုပြုလုပ်ရန်နှင့် ကျသင့်သည့် အခွန် ထမ်းဆောင်စေရန် တာဝန်ရှိမှုကို အခွန်ထမ်းထံ လွှဲပြောင်းပေးလိုက်ခြင်းဖြစ်ပါသည်။

ယင်းသည် လက်ရှိစနစ်နှင့် မည်သို့ကွဲပြားပါသနည်း

အခွန်ရုံးကစည်းကြပ်သည့်စနစ်တွင် အခွန်ထမ်းသည် ၎င်း၏ဝင်ငွေကို အခွန်ကြေညာလွှာ ဖော်ပြကြေညာရန်နှင့် ယင်းကြေညာလွှာကို ပြည်တွင်းအခွန်များဦးစီးဌာနသို့ တင်သွင်းရန်လိုအပ်ပါသည်။

- ထို့နောက်တွင် ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ကြေညာလွှာတွင် ပါဝင်သည့် အကြောင်းအရာများကို အခွန်ထမ်းနှင့် ဆွေးနွေးပါသည်။
- ထို့နောက်တွင် ပြည်တွင်းအခွန်များဦးစီးဌာနသည် စည်းကြပ်မှုပြုလုပ်ပါသည်။
- စည်းကြပ်မှုအကြောင်းကြားစာကို အခွန်ထမ်းထံပေးပို့ပါသည်။
- အကြောင်းကြားစာတွင်ဖော်ပြထားသည့် အခွန်ပမာဏပေါ်မူတည်၍ အခွန်ကိုပေးဆောင်ရပါသည်။

<u>အခွန်ထမ်းကိုယ်တိုင်စည်းကြပ်သည့်စနစ်တွင်</u> အခွန်ထမ်းသည် ၎င်း၏ဝင်ငွေကို ကြေညာလွှာတွင် ဖြည့်သွင်းရန် နှင့် တင်သွင်းရန် လိုအပ်ဦးမည်ဖြစ်ပြီး အခွန်ကြေညာလွှာကို ပြည်တွင်းအခွန်များဦးစီးဌာနသို့ သတ်မှတ်ထားသည့် ရက်မတိုင်မီ တင်သွင်းရန်လိုအပ်ပါသည်။

<u>သို့သော် အခွန်ထမ်းကိုယ်တိုင်စည်းကြပ်သည့် စနစ်တွင် -</u>

အခွန်ထမ်းတင်သွင်းသည့် ပြည့်စုံမှန်ကန်သည့် ကြေညာလွှာကို ပြည်တွင်းအခွန်များဦးစီးဌာနက စည်းကြပ်သကဲ့သို့ မှတ်ယူမည်ဖြစ်၍ အခွန်ထမ်းအပေါ် မည်သည့်စည်းကြပ်မှုမျှ ပြုလုပ်မည်မဟုတ်ပါ။

ယင်းအစား တင်သွင်းသည့် စည်းကြပ်မှုပမာဏကို ဖော်ပြထားသည့် <u>အကြောင်းကြားစာနှင့် အခွန် တောင်းခံလွှာကိုသာ အခွန်ထမ်းထံ ပေးပို့မည်ဖြစ်ပြီး</u> ယင်းတွင် ပေးဆောင်ထားပြီးသည့် ပမာဏကို ဖော်ပြ ထားမည်ဖြစ်သည်။

**အခွန်ရုံးမှ စည်းကြပ်သည့် စနစ်နှင့် အခွန်ထမ်းကိုယ်တိုင်စည်းကြပ်သည့် စနစ်ကိုနှိုင်းယှဉ်ခြင်း**

***အခွန်ရုံးမှ စည်းကြပ်သည့် စနစ်မှ အဆင့်များ***




***အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်စနစ်မှ အဆင့်များ***



အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်စနစ်တွင် အခွန်ထမ်း၏ တာဝန်များ

- အခွန်ထမ်းသည် ၎င်း၏အခွန်ကြေညာလွှာကို အထောက်အကူပြုရန် လိုအပ်သည့် စာရင်းအင်းများနှင့် မှတ်တမ်းများကို ထိန်းသိမ်းထားရန်တာဝန်ရှိသည်။ ၎င်း၏ကြေညာလွှာနှင့်ကိုယ်တိုင်စည်းကြပ်မှုသည် မှန်ကန်ကြောင်းသေချာအောင် စစ်ဆေးရမည်။
- အခွန်စာရင်း စစ်ဆေးမှုခံယူနိုင်ရန် သတ်မှတ်ကာလအထိ စာရင်းများကို ထိန်းသိမ်းထားရမည်ဖြစ်ပြီး အခွန်စာရင်းစစ်ဆေးရန် သတ်မှတ်ခြင်းခံရပါက စာရင်းစစ်ဆေးမှုဆိုင်ရာ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။
- ၎င်း၏ကြေညာလွှာကို ပြည်တွင်းအခွန်များဦးစီးဌာနသို့တင်သွင်းခြင်းနှင့် ကျသင့်အခွန်ပေးဆောင်ခြင်းကို သတ်မှတ်ထားသည့်ရက်များအတွင်း ပြုလုပ်ရမည်။

ပြည်တွင်းအခွန်များဦးစီးဌာန၏ တာဝန်ဝတ္တရားများ

- ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ထမ်းများအား ၎င်းတို့၏အခွန်ဆိုင်ရာတာဝန်များကို နားလည်သဘောပေါက်ရန်နှင့် လိုက်နာထမ်းဆောင်လာရန် အောက်ပါနည်းလမ်းများဖြင့် ကူညီဆောင် ရွက်ပေးမည် ဖြစ်ပါသည်။
    - အခွန်ထမ်းများ၊ ၎င်းတို့၏ ကိုယ်စားလှယ်များနှင့် ထိတွေ့ဆက်ဆံခြင်း
    - ပုံစံများရေးဆွဲပြုစုခြင်း၊ စာရွက်စာတမ်းများထုတ်ဝေခြင်း၊ ဝက်ဘ်ဆိုဒ်များပေါ်တွင် သတင်း အချက်အလက်များဖော်ပြခြင်း
    - အခွန်ဥပဒေများကို ဖွင့်ဆိုရှင်းလင်းခြင်း

အခွန်ထမ်းကိုယ်တိုင်စည်းကြပ်သည့်စနစ်တွင် အယူခံဝင်ခြင်းနှင့် ပြင်ဆင်ခြင်း

- အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်စနစ်တွင် အခွန်ထမ်းသည် ၎င်းကိုယ်တိုင် စည်းကြပ်ထားသည့် ပမာဏနှင့်ပတ်သက်၍ <u>အယူခံဝင်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းမပြုလုပ်နိုင်ပါ။</u>
- သို့သော်လည်း ပြည်တွင်းအခွန်များဦးစီးဌာနသည် စာရင်းစစ်ခြင်းလုပ်ငန်းစဉ်၏ အစိတ်အပိုင်းအဖြစ် အခွန်ထမ်း၏စည်းကြပ်မှုကို ပြင်ဆင်ခဲ့ပါက အခွန်ထမ်းသည် ယင်းပြင်ဆင်မှုအပေါ် အယူခံဝင်နိုင် သည်။

နောက်ထပ် အသေးစိတ်သိရှိလိုသည့် အချက်အလက်များရှိပါက ပြည်တွင်းအခွန်များဦးစီးဌာနသို့ အောက်ပါ အတိုင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ

ဖုန်း - ၀၆၇-၄၃၀၀၇၅
ဖက်စ် - ၀၆၇-၄၃၀၀၇၃
အီးမေးလ် - dmu@irdmyanmar.gov.mm
ဝက်ဘ်ဆိုဒ် - www.irdmyanmar.gov.mm